## (၈) ပိဏ္ဍစာရိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းခံသွားသော ရဟန်းသာမဏေများကို "ပိဏ္ဍစာရိက" ဟု ခေါ်၏ [ပိဏ္ဍ=ဆွမ်းအလို့ငှါ+စာရိက=လှည့်လည်သူ။]ထိုဆွမ်းခံသွားမည့် ပုဂ္ဂိုလ်သည်—

(၁) ရှေးဦးစွာ သိမ်းစရာရှိသော သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်းရသည်။

(၂) သပိတ်ကို သန့်ရှင်းစင်ကြယ်စွာ ဆေးရသည်။ [မသန့်ရှင်းဘူး ထင်လျှင် ရဟန်းတို့မှာ သပိတ်ကို အကပ်ခံရသည်။]

(၃) သေခိယသိက္ခာပုဒ်များနှင့် ညီစွာ သက်န်းရုံခြင်းစသော ကျင့်ဝတ်များကို ကျင့်ရသည်။

(၄) ဆွမ်းရပ်သောအခါ၌လည်း ဆွမ်းလောင်းသော နေရာနှင့် မဝေးလွန်းမနီးလွန်းအောင် ရပ်ရသည်၊ အလွန်ကြာကြာလည်း မရပ်ရ၊ အလွန်မြန်စွာလည်း ပြန်၍ မလှည့်ရ။

(၅) ရပ်နေတုန်း၌ "လောင်းမည့်မလောင်းမည်" ကို အကဲခပ်တတ်ရသည်။

(၆) ဆွမ်းလောင်းသူ၏မျက်နှာကိုလည်း မော်၍မကြည့်ရ။

(၇) အိမ်မှ ပြန်ထွက်သောအခါလည်း မနှေးလွန်းမမြန်လွန်း ပြန်ထွက်ရသည်။